(အမိန့်အမှတ် ၄/၁၉)

ရော

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်

## (အမိန့်အမှတ် ၄/၈၉)

၁၃၅၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် သက်ဆိုင်ရာ တရားရုံးက ချမှတ်ထားသော စီရင်ချက်အရ ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံသားများနှင့် သက်ဆိုင်ရာ တရားရုံးတွင် ပြစ်မှုဖြင့်စစ်ဆေးခံနေရသည့် နိုင်ငံသားများနှင့် စပ်လျဉ်း၍ သက်ညှာစွာ စဉ်းစားပြီး ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

### ပြစ်ဒဏ်ကျခံနေရသူများအား ပြစ်ဒဏ်ပြောင်းလဲလျှော့ပေါ့ခြင်း

၂။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့နှင့် ထိုနေ့မတိုင်မီ ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ တရားစွဲဆိုခံရပြီး ဤအမိန့်ထုတ်ပြန်သောနေ့တွင် ပြစ်ဒဏ်ကျခံနေရဆဲဖြစ်ပါက ယင်းသို့ကျခံနေရသောပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ်ပြောင်းလဲ လျှော့ပေါ့ ကျခံစေရန် သတ်မှတ်လိုက်သည်—

(က) သေဒဏ်ချမှတ်စီရင်ခြင်း ခံရသူများအတွက် တစ်သက်တစ်ကျွန်းဒဏ်သို့ ပြောင်းလဲကျခံစေရန်၊

(ခ) တစ်သက် တစ်ကျွန်းဒဏ် စီရင်ခြင်းခံရသူများအတွက် ထောင်ဒဏ် ၁၀ နှစ်သို့ ပြောင်းလဲကျခံစေရန်၊

(ဂ) ထောင်ဒဏ်ကျခံစေရန် စီရင်ခြင်းခံရသူများအတွက် သာမန်ရရှိသောလျှော့ရက်နှင့် နှုတ်ရက်များအပြင် ချမှတ်ခြင်းခံရသောထောင်ဒဏ်၏ သုံးပုံနှစ်ပုံကို လျှော့ရက်အဖြစ် ထပ်မံခံစားခွင့်ရရှိစေရန်။

၃။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့နှင့် ထိုနေ့မတိုင်မီ ပြစ်မှု တစ်ခုခုနှင့်စပ်လျဉ်း၍ တရားစွဲဆိုခံရပြီး ဤအမိန့်ထုတ်ပြန်သောနေ့တွင် ထောင်ဒဏ် ၂ နှစ်နှင့် ၂ နှစ်အောက် ကျခံရန် ကျန်ရှိနေသော အကျဉ်းသား များအား ကျခံရန်ကျန်ရှိသော ထောင်ဒဏ်ကာလအတွက် ကောင်းမွန်စွာ နေထိုင်ရန် ကိုယ်တိုင် ခံဝန်ချုပ် ချုပ်ဆိုစေပြီး အကျဉ်းမှလွှတ်ထားရမည်။ ခံဝန်ချုပ်ဖောက်ဖျက်လျှင် ကျခံရန် ကျန်ရှိနေသေးသော ထောင်ဒဏ်ကို ပြန်လည်ကျခံစေရမည်။

၄။ အပိုဒ် ၃ အရ ခံဝန်ချုပ်ဖြင့် အကျဉ်းမှလွှတ်ထားခွင့် ပြုခြင်းသည် အပိုဒ် ၂ (ဂ) အရ ပြစ်ဒဏ်လျှော့ရက် ခံစားခွင့်ပြုရန် သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

## ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်း

၅။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့နှင့် ထိုနေ့မတိုင်မီ ပြစ်မှု တစ်ခုခုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တရားရုံးများ၌ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုအားလုံးကို ပိတ်သိမ်း၍ တရားခံများအား အမှုမှ ချက်ချင်းလွှတ်ရမည်။ သို့ရာတွင် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ဦးအား ထိခိုက်နစ်နာစေသည့် ပြစ်မှု၊ ပုဂ္ဂလိကပိုင်ပစ္စည်း ဆုံးရှုံးနစ်နာသည့် ပြစ်မှု များနှင့် စပ်လျဉ်း၍ ကိုယ်တိုင်ထိခိုက်နစ်နာသူက အမှုပိတ်သိမ်းခြင်း မပြုလိုလျှင် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့ နောက်ဆုံးထား၍ အမှုကိုပိတ်သိမ်းခြင်း မပြုလိုကြောင်း သက်ဆိုင်ရာ တရားရုံးတွင် လျှောက် ထားခွင့် ရှိသည်။ ယင်းသို့ လျှောက်ထားလျှင် သက်ဆိုင်ရာ တရားရုံးသည် အမှုကို ပိတ်သိမ်းသည့်အချိန်က ရောက်ရှိနေသည့်အဆင့်မှစ၍ ဆက်လက် စစ်ဆေးရမည်။

၆။ ကိုယ်တိုင် ထိခိုက်နစ်နာသူဆိုသည်မှာ နစ်နာသူ၏ တရားဝင်ဇနီး၊ ခင်ပွန်းနှင့် သားသမီးတို့ကိုသာ ဆိုသည်။

၇။ အပိုဒ် ၅ သည် နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှု၊ မတရားအသင်း အက်ဥပဒေအရ စွဲဆိုထားသောအမှုနှင့် အရေးပေါ်စီမံမှု အက်ဥပဒေအရ စွဲဆိုထားသော အမှုများနှင့်သော်လည်းကောင်း၊ တရားရုံးများတွင် ဦးတိုက်လျှောက်ထားစွဲဆိုသော ပြစ်မှုဆိုင်ရာ အမှုများနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

၈။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်စေရမည်။